# သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချမှု အစီအစဉ်

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီ ကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေ (၁၉) သန်းဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီတန်ချိန် (၁၆၁၃၈.၃၃)၊ ပိဿာချိန် (၉၈၇၆၆၅၇) ကို တစ်ပိဿာလျှင် လက်ကားဈေး (၃၇၀၀/-) ကျပ်နှုန်းဖြင့် ၂၀-၉-၂၀၂၁ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် တန်ချိန် (၁၂၈၂၃.၅၉) ၊ မန္တလေးတိုင်းဒေသကြီးတွင် တန်ချိန် (၈၄၇.၄၇)၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တန်ချိန် (၆၀၆.၆၁) ၊ မကွေးတိုင်းဒေသကြီးတွင် တန်ချိန် (၈၆၉.၂၂) ၊ ပဲခူးတိုင်းဒေသကြီးတွင် တန်ချိန်(၄၆၂.၈၃)၊ တနင်္သာရီတိုင်းဒေသကြီး တန်ချိန်(၆၁.၂၉)၊ နေပြည်တော် တန်ချိန် (၁၁၆.၈၃)၊ ရှမ်းပြည်နယ်တွင် တန်ချိန်(၃၁၄.၅၄)၊ မွန်ပြည်နယ်တွင် တန်ချိန် (၃၅.၉၅) တို့ကို ဖြန့်ဖြူးရောင်းဖြူးရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ လက်ကားဈေးတစ်ပိဿာလျှင် (၃၇၀၀) ကျပ်နှုန်းဖြင့် ဝယ်ယူရရှိခဲ့သည့် အရောင်းဆိုင်များသည် ဒေသအလိုက် သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များထပ်ဆောင်း၍ (၂%) ထက်မပိုသော အမြတ်ဖြင့် ရောင်းချပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရင့်နောင်ပွဲရုံတန်းနှင့် ညောင်ပင်လေးဈေးတို့တွင် လက်ကားဖြန့်ဖြူးရောင်းချပေးခဲ့သည့်အပြင် ဆီအသင်း၏ အစီအစဉ်ဖြင့် မြို့နယ်/ ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေပြည်တော်အပါအဝင် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း လက်လီ/ လက်ကားဖြန့်ဖြူးရောင်းချပေးခဲ့ပါသည်။

ထပ်မံ၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲလှယ်နှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ (၁၂) သန်းကိုလည်း ပြည်ပနိုင်ငံခြားပေါက်ဈေးအပေါ်မူတည်၍ စားအုန်းဆီများ မှာယူတင်သွင်းပြီး စားသုံးသူပြည်သူများသို့ သက်သာသော

ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းရရှိပါသည်။